


စာစဉ် - ၁၁

# ဘဖိုးကံကောင်း ပြန်ရှင်လာပြီ

# အပိုင်း ၁၄၆

မူယွဲ့ရှန်းက ချီရှောက်ရန်ကို ကြည့်ပြီး မပျော်မရွှင် ပြောသည်။

"သခင်လေးချီ မင်းရဲ့ အဆင့်အတန်းနဲ့ အနာဂတ်ကို ဘာလို့ ကံဆိုးတဲ့လူ တစ်ယောက်ကြောင့် အဖျက်ဆီးခံချင်ရတာလဲ"

ချီရှောက်ရန် မျက်နှာ ပျက်သွားသည်။

"ခင်ဗျား ဘယ်သူ့ကို ကံဆိုးတယ်လို့ ခေါ်နေတာလဲ။ ခင်ဗျားကမှ ကံဆိုးတဲ့သူပဲ"

"မူတင်းရွှယ် မွေးဖွားလာချိန်တုန်းက သူက အဖေ၊အမေနဲ့ မိသားစုကို ကံဆိုးစေမဲ့သူလို့ ပြောခဲ့ကြတယ်။ သခင်လေးချီ မင်း သူနဲ့ ဝေးဝေးနေသင့်တယ်"

"ခင်ဗျားက ဒါမျိုးတွေ အယုံအကြည် ရှိနေတာလား။ ကျွန်တော် ငယ်ငယ်ကတည်းက တူညီတဲ့ ခက်ခဲမှုကို ကြုံခဲ့ရဖူးလို့ ဒါမျိုးတွေ ဂရုမစိုက်ဘူး"

"လုပ်တော့"

မူယွဲ့ရှင်းက အံကိုကြိတ်ကာ ပြောသည်။

ကျွင်းဟောင်က ချီရှောက်ရန်ကို အနောက်ပို့ ဆွဲပို့ကာ လက်ကို ယမ်းလိုက်သည့်အခါ စာလိပ်များစွာ ထွက်လာသည်။ အဆင့်၇နှင့် အဆင့်၈ စာလိပ်များစွာက ဆက်တိုက်ပေါက်ကွဲသွား၏။

ချီရှောက်ရန် ရင်နာသွားသည်။

ကျွင်းဟောင်းက သူ့ဆီကနေ အတတ်ကောင်းတွေ တတ်သွားတာပဲ။ ပိုက်ဆံတွေတော့ ကုန်ပါပြီ

"ကျွင်းဟောင်း မင်းတော်တော် ဖြုန်းတီးတာပဲ"

"မဟုတ်ဘူး"

ထိုသို့ပြောရင်း ကျွင်းဟောင်းက လက်ကို ရမ်းလိုက်ပြန်ကာ စာလိပ်အပုံလိုက် ပေါက်ကွဲသွားစေပြန်သည်။

ဒီလောက် ပိုက်ဆံဖြုန်းနေတာကိုတောင် ဖြုန်းတာ မဟုတ်ဘူးတဲ့လား

"ဒါတွေ ငါ့ဘာသာ ဆွဲထားတာဆိုတော့ ဖြုန်းတယ်လို့ ပြောလို့မရဘူး"

ဆိုတော့ ကျွင်းဟောင်းက မှော်စာလိပ်လည်း ရေးဆွဲနိုင်တာလား

မူယွဲ့ရှန်းက ချီရှောက်ရန်ကို ပိုက်ဆံပြတ်လပ်စေလိုနေခြင်း ဖြစ်သည်။ သို့သော် ကျွင်းဟောင်းက မှော်စာလိပ် အပုံလိုက် ပစ်ပေါက်ခြင်းဖြင့် သူ့ကို ဆွံ့အသွားစေ၏။

သူ ဒေါသထွက်လာကာ ဓားကို ဆွဲကိုင်ပြီး ချီရှောက်ရန်ထံ ခုန်ဝင်သွားလိုက်သည်။ ကျွင်းဟောင်းက မိုးကြိုးတစ်ချက် ပစ်လွှတ်လျက် မူယွဲ့ရှန်း၏ တိုက်ကွက်ကို တားဆီးသည်။ ထို့နောက် ခုန်ဝင်သွားကာ တိုက်ခိုက်တော့၏။

ချီရှောက်ရန်က လမ်းဘေးတစ်နေရာတွင် ရပ်ပြီး တိုက်ပွဲကို ကြည့်သည်။

မူယွဲ့ရှန်းက အဆင့်ကိုးဖြစ်ကာ ကျွင်းဟောင်းက အဆင့်ရှစ်သို့ ဝင်ရောက်ကာစဖြစ်သည်။ သို့တိုင် သူ၏ ပြင်းထန်သည့် မှော်စွမ်းအင်ကြောင့် လက်ရည်တူနေခဲ့သည်။ ကျွင်းဟောင်းက မှော်တုတ်တံကို ရမ်းလိုက်သည့်အခါ ရောင်စုံအလင်းများနှင့်အတူ စွမ်းအားလုံးကြီး ထွက်ပေါ်လာကာ

ပေါက်ကွဲသွားပြီး မူယွဲ့ရှန်း လွင့်ထွက်သွားရသည်။

ကျွင်းဟောင်၏ ဆံပင်ရှည်များက လွင့်နေကာ ပြိုင်ဘက်ကင်းသည့် အရှိန်အဝါက လွှမ်းခြုံနေသည်။

ချီရှောက်ရှန်၏ ရင်ထဲ ဖော်ပြရခက်သည့် အလင်းတစ်ချက် လက်သွားသည်။ ဒါကမှ အစစ်အမှန် ကျွင်းဟောင်ဖြစ်သည်။

သူနဲ့ တိုက်တုန်းက တမင် အလျှော့ပေးထားခဲ့တာပဲ။

မူယွဲ့ရှန်း မနေနိုင်တော့ဘဲ ဝင်ပြောသည်။

"ငါက ချီရှောက်ရှန်နဲ့ ရန်ကြွေးရှင်းစရာ ရှိနေတာလေ၊ မင်းက ဘာလို့ ဝင်ပါရတာလဲ၊ ကျွင်းဟောင်"

"ချီရှောက်ရှန်နဲ့ ငါက စေ့စပ်ထားတာလေ၊ ခင်ဗျားက သူ့ကို ပြဿနာရှာချင်နေမှတော့ ငါက ရပ်ကြည့်နေလို့ ဖြစ်ပါတော့မလား"

မူယွဲ့ရှန်းက ဝင်ပြောသည်။

"သူက ဘာများကောင်းနေလို့လဲ၊ မင်းသာ လိုချင်ရင် ငါ့မိသားစုထဲက ကောင်လေးဖြစ်ဖြစ် ကောင်မလေးဖြစ်ဖြစ် ကြိုက်ရာ ရွေးလို့ရတယ်"

ချီရှောက်ရှန် :"...."

သူ ဆွံ့အသွားသည်။

မူယွဲ့ရှန်းက နှာဘူးလို့ ကျော်ကြားနေတာ ဟုတ်လောက်တယ်။ ကောလဟာလတွေက မှန်နေတာပဲ၊ အခုပဲကြည့် ကျွင်းဟောင်ကိုတောင် မြူစွယ်နေပြီ

ကျွင်းဟောင်က သူပြောသမျှကို လျစ်လျူရှုကာ ဆက်လက် တိုက်ခိုက်နေသည်။ သို့သော် သူ၏ တိုက်ကွက်များက ခက်ထန်ကာ ပြင်းထန်သထက် ပြင်းထန်လာသည်။

ကျွင်းဟောင်က ကျော်ကြားသည်။ သို့သော် မူယွဲ့ရှန်းလည်း အလေးအနက် မတွေးခဲ့ဖူးပေ။ မည်သို့ပင်ဆိုစေ ကျွင်းဟောင်က ငယ်သေးသည်၊ သို့သော် ယခုအခါတွင်မူ သူတောင် မနိုင်နိုင်သည်အထိ စွမ်းအားကြီးမား လွန်းနေခဲ့၏။

ကျွင်းဟောင်၏ မှော်စွမ်းအင်များက အမှီအခိုကင်းသည်၊ သူ၏ စွမ်းအားများက မကုန်ဆုံးနိုင်တော့ဟု ထင်ရသည်။

ချီရှောက်ရှန်ကို မူယွဲ့ရှန်းခေါ်လာသည့် လူများက ဝိုင်းကာတိုက်ခိုက်နေသည်။ သူတို့က စွမ်းအားကြီးမားခြင်း မရှိသော်လည်း အရေအတွက်များသည့်အတွက် ချီရှောက်ရှန်အတွက်လည်း မခံသာပေ။

သူတို့၏ တိုက်ပွဲက ပြင်းထန်နေခဲ့ကာ ရောင်စုံမှော်စွမ်းအင်များနှင့် တိုက်ပွဲချီများစွာက ထိုနေရာတွင် ပျံ့လွင့်နေခဲ့သည်။

***